လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ ပြင်ဆင်ချမှတ်မည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့်ဆောင်ရွက်ရန်အချက်များ

| စဉ် | ပြင်ဆင်ချမှတ်သည့်အချက်များ | အရေအတွက် |
|---|---|---|
| ၁ | နိုင်ငံတော်က သိမ်းဆည်းသည့် လယ်ယာမြေနှင့်အခြားမြေများကို မူလမြေပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့် ကိစ္စရပ်နှင့်စပ်လျဉ်းသည့် မူဝါဒ | ၁၀ ရပ် |
| ၂ | တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်းသည့် မူဝါဒ | ၃ ရပ် |
| ၃ | သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန် လျှောက်ထားလာခြင်းများနှင့် စပ်လျဉ်း၍ စိစစ်ရန်အချက် | ၄ ချက် |
| ၄ | စွန့်လွှတ်နိုင်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍စိစစ်ရန်အချက် | ၅ ချက် |
| ၅ | သိမ်းဆည်းထားသည့်ဌာနမှ စွန့်လွှတ်သည့်သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ စိစစ်ရန် အချက် | ၆ ချက် |
| ၆ | စွန့်လွှတ်သည့်မြေများ သက်ဆိုင်သူလက်ဝယ်အမြန်ရောက်ရှိရေး လုပ်ငန်းစဉ် | ၉ ရပ် |
| ၇ | နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကော်မတီများမှ အလေးထား ဆောင်ရွက်ရန်အချက် | ၁၅ ချက် |

## နိုင်ငံတော်က သိမ်းဆည်းသည့် လယ်ယာမြေနှင့်အခြားမြေများကို မူလမြေပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်းသည့် မူဝါဒ ၁၀ ရပ်

၁။ သိမ်းဆည်းမြေ တိုင်ကြားစာများနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ်နောက်ပိုင်း မြေသိမ်းဆည်းမှုကိုသာ စိစစ်ဖြေရှင်းဆောင်ရွက်သွားရန်၊

၂။ အစိုးရဌာန၊ အဖွဲ့အစည်းများကမြေကို သိမ်းဆည်းပြီးနောက် ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်းခြင်း၊ သီးစားချထားခြင်းများ ပြုလုပ်ထားသည့် စီမံကိန်းမအောင်မြင်သည့်မြေ သို့မဟုတ် စီမံကိန်း မဆောင်ရွက်သည့် လယ်ယာမြေများကို မူလပိုင်ရှင်က ပြန်လည်လျှောက်ထားခြင်းဖြစ်ပါက သိမ်းဆည်းစဉ်က မူလပိုင်ရှင် ဖြစ်ကြောင်း ပိုင်ဆိုင်ခွင့်အထောက်အထားတင်ပြနိုင်သူ သို့မဟုတ် ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်ရှိကြောင်း သတ်မှတ်ခံရသူ သို့မဟုတ် သက်သေခံစာရွက်စာတမ်း အထောက်အထား မတင်ပြနိုင်သော်လည်း အများက ကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ ထွက်ဆိုထောက်ခံချက်များဖြင့် မြေအသုံးချပိုင်ခွင့်ရှိကြောင်း သက်သေထင်ရှား ပြနိုင်သူအား ပြန်လည်ပေးအပ်ရန်၊

၃။ ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး လက်တွေ့တွင် နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အမှန်တကယ် အသုံးပြုနေသည့် လယ်ယာမြေနှင့် အခြားမြေများကို သက်ဆိုင်ရာ ဌာနများက စွန့်လွှတ်ခြင်းမပြုဘဲ ဆက်လက်လုပ်ကိုင်ရန်၊ မူလပိုင်ရှင်အား ကာလဒေသ၏ ပေါက်ဈေးနှင့် အညီ လျော်ကြေး၊ နစ်နာကြေးပေးရန်၊

၄။ သိမ်းဆည်းမြေကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်ခဲ့မှု မရှိသည့်အပြင် လက်ရှိတွင် အများပြည်သူအကျိုး (နိုင်ငံတော်အကျိုး)အတွက် အသုံးပြုခြင်းမရှိသည့်မြေကို ပြန်လည် လျှောက်ထားခြင်းဖြစ်ပါက မူလပိုင်ရှင်ဖြစ်ကြောင်း လျှောက်ထားတင်ပြနိုင်သူ သို့မဟုတ် ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်ရှိကြောင်း သတ်မှတ်ခံရသူ သို့မဟုတ် သက်သေခံစာရွက်စာတမ်း အထောက် အထားမတင်ပြနိုင်သော်လည်း အများက ကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ ထွက်ဆို ထောက်ခံချက်များဖြင့် မြေအသုံးချပိုင်ခွင့်ရှိကြောင်း သက်သေထင်ရှား ပြနိုင်သူအား ပြန်လည် ပေးအပ်ရန်၊

၅။ သိမ်းဆည်းမြေကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်ခဲ့မှုမရှိသော်လည်း လက်ရှိတွင် အများပြည်သူအကျိုး (နိုင်ငံတော်အကျိုး)အတွက် အသုံးပြုထားပြီးဖြစ်ပါက ယင်းသိမ်းဆည်းမြေကို လက်ရှိအသုံးပြုနေသည့် ဌာန၊ အဖွဲ့အစည်းများက မူလပိုင်ရှင်များသို့ သင့်လျော်သည့်လျော်ကြေး ပေးအပ်နိုင်ရေး ဆောင်ရွက်ပြီး ယင်းဌာန၊ အဖွဲ့အစည်းများ၏ ပိုင်ဆိုင်ခွင့် အမည်ပေါက်ရရှိရေး ဆောင်ရွက်ရန်၊

၆။ သိမ်းဆည်းမြေကို ပြန်လည်ပေးအပ်ရန် လျှောက်ထားခြင်းအတွက် စိစစ်ပြီး မူလပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူအား ပြန်လည်ပေးအပ်ပြီးနောက် ပိုင်ဆိုင်မှုအထောက်အထားများနှင့်စပ်လျဉ်း၍-

(က) လယ်ယာမြေဖြစ်ပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ ဆောင်ရွက်ပေးရန်၊

(ခ) အခြားနည်းသုံးစွဲခွင့်ရရှိပြီး မြေဖြစ်သော်လည်း လယ်ယာမြေအဖြစ် အသုံးပြုနိုင်ပါက အခြားနည်းသုံးစွဲခွင့်ကို ပယ်ဖျက်ရန်၊

(ဂ) လယ်ယာမြေအဖြစ် ပြန်လည်ဖော်ထုတ်နိုင်ခြင်းမရှိသည့် မြေဖြစ်ပါက ဆက်လက်သုံးစွဲနိုင်သည့် အခြေအနေပေါ်မူတည်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရန်၊

(ဃ) လယ်ယာမြေမှတစ်ပါး အခြားမြေဖြစ်ပါက စီမံခန့်ခွဲပိုင်ခွင့်ရှိသော သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံဆောင်ရွက်ရန်၊

၇။ လျော်ကြေးပေးပြီးသည့်ကိစ္စရပ်များတွင် လျော်ကြေးနည်းပါးသည့်အတွက် ထပ်မံဆောင်းဆိုလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယခင်ကာလနှုန်းထားဖြင့် လျော်ကြေးပေးချေပြီးဖြစ်သဖြင့် အဆိုပါကာလ ဆုံးဖြတ်ချက်အတိုင်းသာ အတည်ပြုရန်၊ သိမ်းဆည်းစဉ်က လျော်ကြေး၊ နစ်နာကြေး ပေးအပ်ခဲ့သော်လည်းရယူခဲ့ခြင်းမရှိသူများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ အစီအစဉ်ဖြင့်၊ ပြန်လည် စွန့်လွှတ်ခြင်း သို့မဟုတ် ဒေသ၏ ကာလပေါက်ဈေးနှင့်အညီ လျော်ကြေး၊ နစ်နာကြေးပေးခြင်း ဆောင်ရွက်ရန်၊

၈။ မြေပြင်၌ဖြစ်ပေါ်လျက်ရှိသော ဖြေရှင်းရန်ခက်ခဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်သည့် အမှုတွဲအလိုက် အဆင့်ဆင့်သောစိစစ်ရေးအဖွဲ့များက စိစစ်သုံးသပ်ပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်ရယူဆောင်ရွက်ရန်နှင့် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အဆုံးအဖြတ်ရယူဆောင်ရွက်ရန်၊

၉။ မြို့ပြတိုးချဲ့ခြင်းနှင့် စက်မှုဇုန်ကဲ့သို့သော မြေသိမ်းမှုပြဿနာများကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်၍ လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများနှင့် တောင်သူလယ်သမားများ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးပြီး ကုမ္ပဏီနှင့်တောင်သူများ နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရေးအတွက် ဖြေရှင်း ဆောင်ရွက်ပေးရန်၊

၁၀။ ဥပဒေမဲ့သိမ်းဆည်းခဲ့ပြီး လုပ်ပိုင်ခွင့်အာဏာရှိသူများနှင့်ပူးပေါင်း၍ လ/န(၃၉)၊ မြေစာရင်း ပုံစံ(၁၀၅)၊ လယ်ယာမြေလုပ်ကိုင်ခွင့်ရလက်မှတ်ပုံစံ(၇)စသည်ဖြင့် ရယူထားခြင်းတို့ကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့က ပယ်ဖျက်မိန့်ထုတ်ပြန်၍ သိမ်းဆည်းခံရသူ မူလတောင်သူလယ်သမားများ ထံသို့ ပြန်လည်စွန့်လွှတ်ပေးအပ်နိုင်ရေး ဆောင်ရွက်ရန်၊

## တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်းသည့် မူဝါဒ ၃ ရပ်

(၁) တပ်မတော်က တပ်တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ် ပိုမို သိမ်းဆည်းထားသည့် မြေများတွင်အရပ်သားများအားသီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန်၊ တပ်၏အရွယ်အစား လိုအပ်သလောက်သာ သိမ်းဆည်းရန်၊

(၂) တပ်၊ ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်များနှင့်လေ့ကျင့်ရေးကွင်း လိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံး မြေဧရိယာ အကျယ်အဝန်းကိုသာ တိုင်းတာတွက်ချက် ရယူဆောင်ရွက်သွားရန်နှင့် ကျန်မြေပိုများကို သိမ်းဆည်းခံရသော မူလတောင်သူ လယ်သမားများထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးပြန်လည် စွန့်လွှတ်သွား၍ နိုင်ငံတော်သို့ ပြန်လည်အပ်နှံရန်၊

(၃) တပ်၊ ဌာနချုပ်ဧရိယာများနှင့် တစ်ဆက်တစ်စပ်တည်းမရှိသော သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ တပ်မတော်က တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များအလို့ငှာ တိုက်ရိုက်အသုံးပြုလျက် ရှိသော မြေမှအပ ကျန်မြေများကို သက်ဆိုင်ရာ ပိုင်ဆိုင်ခွင့်ရှိသူအား အပ်နှံရေးအတွက် စိစစ်ဆောင်ရွက်ပြီး နိုင်ငံတော်သို့ အမြန်ဆုံးပြန်လည်အပ်နှံရန်။

## သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန် လျှောက်ထားလာခြင်းများနှင့် စပ်လျဉ်း၍ စိစစ်ရန် အချက် ၄ ချက်

၁။ သိမ်းဆည်းမြေပေါ်တွင် တင်ပြတောင်းခံသူများသည် သိမ်းဆည်းခံရသူများကိုယ်တိုင်ဟုတ်/မဟုတ်၊ သိမ်းဆည်းမြေနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း အထောက်အထား ပြည့်စုံမှန်ကန်မှု ရှိ/မရှိ သို့မဟုတ် ရပ်မိရပ်ဖများ၏ ထွက်ဆိုထောက်ခံချက်များ ရှိ/မရှိ စိစစ်ရန်၊

၂။ မြေသိမ်းဆည်းခဲ့ခြင်းသည် ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ သို့မဟုတ် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ သိမ်းဆည်းခဲ့ခြင်း ဟုတ်/မဟုတ် စိစစ်ရန်၊

၃။ သိမ်းဆည်းထားသည့်မြေပေါ်တွင် သိမ်းဆည်းစဉ်က ရည်ရွယ်သည့်အတိုင်း လုပ်ငန်း အကောင်အထည်ဖော်မှု၊ အမှန်တကယ်အသုံးချမှုရှိ/မရှိနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသောလုပ်ငန်းသည် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအတွက် အကျိုးရှိစွာ အသုံးချမှု ရှိ/မရှိ စိစစ်ရန်၊

၄။ သိမ်းဆည်းမြေကို အခြားအဖွဲ့အစည်းတစ်ခုခုသို့ ငှားရမ်းဆောင်ရွက်ထားပါက ငှားရမ်းသက်တမ်း ကျန်ရှိမှု အခြေအနေ စိစစ်ရန်။

စွန့်လွှတ်နိုင်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် ၅ ချက်

၁။ လယ်ယာမြေ သို့မဟုတ် အခြားမြေတို့ကို သိမ်းဆည်းခဲ့ခြင်းသည် ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ သို့မဟုတ် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ သို့မဟုတ် အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ သိမ်းဆည်းခဲ့ခြင်း ဟုတ်/မဟုတ် စိစစ်ရန်၊

၂။ မြေနှင့်သက်ဆိုင်သူများသို့ မြေယာလျော်ကြေး ပေးပြီး/မပြီး စိစစ်ရန်၊

၃။ မြေယာလျော်ကြေးမပေးရသေးပါက ပေးလျော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် လျာထားတင်ပြထားခြင်း ရှိ/မရှိ စိစစ်ရန်၊

၄။ သိမ်းဆည်းမြေအား ဌာန/အဖွဲ့အစည်း အမည်ပေါက် ဆောင်ရွက်ထားပြီး/မပြီး စိစစ်ရန်၊

၅။ စီမံကိန်းအကောင်အထည်ဖော်မှု ရှိ/မရှိ စိစစ်ရန်၊

# သိမ်းဆည်းထားသည့် ဌာနမှ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် ၆ ချက်

၁။ စွန့်လွှတ်သည့်မြေဧရိယာ၊ မြေအမျိုးအစား၊ တည်နေရာ မှန်ကန်မှု ရှိ/မရှိ စိစစ်ရန်၊

၂။ စွန့်လွှတ်အပ်နှံမြေတည်ရှိရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် မြေစွန့်လွှတ်အပ်နှံမည့် ဌာန/အဖွဲ့အစည်းမှ တာဝန်ခံအရာရှိတို့ လက်မှတ်ရေးထိုးထားသည့် စွန့်လွှတ်အပ်နှံမြေဆိုင်ရာ အချက်အလက် အတည်ပြုချက် ပါ/မပါစိစစ်ရန်၊

၃။ စွန့်လွှတ်မြေအား သိမ်းဆည်းခံရသော မူလတောင်သူလယ်သမားထံ ပြန်လည်မပေးအပ်မီ မြေယာအမှုအခင်း ရှိ/မရှိ စိစစ်ရန်၊ (လက်ရှိ ရယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းပိုင်ရှင်များက သိမ်းဆည်းခံရသော မူလတောင်သူလယ်သမားများအား အမှုဖွင့်ခြင်း၊ တရားစွဲဆိုခြင်းများနှင့် မသက်ဆိုင်စေရ)

၄။ စွန့်လွှတ်မြေကို အများပြည်သူ သိရှိရန်အတွက် ထုတ်ပြန်ကြေညာထားခြင်း ရှိ/မရှိ စိစစ်ရန်၊

၅။ ပြန်လည်စွန့်လွှတ်မည့် ဌာန/အဖွဲ့အစည်းက စွန့်လွှတ်သည့် အချိန်မှစ၍ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံ အပ်နှံခြင်း ရှိ/မရှိ စိစစ်ရန်။

၆။ ပြန်လည်စွန့်လွှတ်သည့် မြေများအား သိမ်းဆည်းခံရသည့် မူလတောင်သူ လယ်သမားများ လက်ဝယ်သို့ ရောက်ရှိခြင်း ရှိ/မရှိ စိစစ်ရန်၊

## စွန့်လွှတ်သည့်မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ် ၉ ရပ်

(၁) အသုံးချခွင့်ရှိခဲ့ကြောင်း စာရွက်စာတမ်းနှင့် သက်သေခံအထောက်အထားများ ခိုင်လုံစွာပြသနိုင်သူများအား ယာယီလွှဲပြောင်းပေးခြင်းကို အမြန်ဆောင်ရွက်ပြီး လုပ်ကိုင်ခွင့်ပြုရန်နှင့် အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိရေးအတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊လုပ်ထုံးလုပ်နည်းများ၊ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ခြင်းကို အမြန်ဆုံးဆောင်ရွက်ရန်၊

(၂) အကြောင်းအမျိုးမျိုးကြောင့် သက်သေခံအထောက်အထားမပြသနိုင်သော်လည်း အများက ကြည့်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ထွက်ဆိုထောက်ခံချက်များဖြင့် အသုံးချပိုင်ခွင့်ရှိကြောင်း သက်သေထင်ရှားပြနိုင်ပါက ယာယီလွှဲပြောင်းပေးခြင်းကို အမြန်ဆောင်ရွက်ပြီး ပိုင်ဆိုင်မှု မှန်ကန်မှု ရှိ/မရှိ စိစစ်၍ ကာလအပိုင်းအခြား သတ်မှတ်လုပ်ကိုင် ခွင့်ပြုရန်။ မှန်ကန်မှုမရှိပါက ပြန်လည်သိမ်းဆည်းသွားရန်နှင့် မှန်ကန်ပါက လွှဲပြောင်းခံရသူ အသုံးချပိုင်ခွင့် အမည်ပေါက် ရရှိရေးအတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စိစစ်ပြီး ရုံးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အမြန်ဆုံး ဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအနေဖြင့် မစွန့်လွှတ်သည့်မြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးအပ်ပြီးစီးမှုများအား စိစစ်ပြီး မှတ်တမ်းတင်ထားရှိရန်နှင့် နစ်နာကြေး၊ လျော်ကြေး ပေးအပ်ရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရသုံးမှန်းခြေ ဘဏ္ဍာငွေစာရင်းမှာ ထည့်သွင်းရေးဆွဲတင်ပြသွားရန်၊

(၄) လျော်ကြေးပေးရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပိုင်ဆိုင်သူ ကာယကံရှင်များ နစ်နာမှုမရှိစေရန်နှင့် အငြင်းပွားနိုင်သည့်နှုန်းထားများ မဖြစ်စေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့မှ ညှိနှိုင်းသတ်မှတ်ပေးသည့် မျှတသည့် နှုန်းထားများအတိုင်း ဆောင်ရွက်ရန်၊

(၅) ယာယီလုပ်ပိုင်ခွင့်ကာလများကို တစ်ရာသီ အများဆုံး တစ်နှစ်ထက်ပို၍ ခွင့်မပြုရန်၊

(၆) လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ ပွင့်လင်းမြင်သာစွာသိရှိရန်အတွက် တစ်လလျှင်တစ်ကြိမ် သတင်းထုတ်ပြန်ပေးသွားရန်၊

(၇) ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ရန် လုပ်ပိုင်ခွင့်ပေးအပ်ထားသည့် မြေများတွင် အမှန်တကယ်လုပ်ငန်း ဆောင်ရွက်ခြင်းမရှိသည့် မြေနေရာများအား နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထုအကျိုးငှာ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းဆည်းသွားရန်၊

(၈) နိုင်ငံတော်နှင့်အများပြည်သူအကျိုးအတွက် အကျိုးမဲ့ဖြစ်နေသည့်သိမ်းဆည်းမြေများကို သိမ်းဆည်းထားသည့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအနေဖြင့် ပြန်လည်စွန့်လွှတ်မည်ဆိုပါက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့ နှစ်လအတွင်း အပြီးပြန်လည်စွန့်လွှတ်စေပြီး မူလပိုင်ရှင်အစစ်အမှန်များသို့ မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်လွှဲပြောင်းပေးရန်၊

(၉) စွန့်လွှတ်မည့်မြေပေါ်တွင် ယင်းမြေနှင့်သက်ဆိုင်ခြင်းမရှိသူများ ဝင်ရောက်ကျူးကျော်အခြေချနေထိုင်မှုနှင့်ပတ်သက်၍ ကျူးကျော်သူများကို ယင်းမြေစွန့်လွှတ်မည့်သက်ဆိုင်ရာဌာန/အဖွဲ့အစည်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန်၊ စွန့်လွှတ်မြေ လက်ရောက်အပ်နှံပြီးနောက် ယင်းမြေနှင့် သက်ဆိုင်ခြင်းမရှိသူများ ဝင်ရောက်ကျူးကျော်အခြေချနေထိုင်မှုနှင့်ပတ်သက်၍ ကျူးကျော်သူများကို စွန့်လွှတ်မြေအား လက်ခံရရှိသည့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်း/ပုဂ္ဂိုလ်များက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရန်။

နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ကော်မတီများမှ အလေးထားဆောင်ရွက်ရန်အချက် ၁၅ ချက်

(၁) လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသည် လစဉ်တွေ့ဆုံညှိနှိုင်း ဖြေရှင်းဆောင်ရွက်ရန်၊

(၂) လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးများသည် ဝန်ကြီးဌာနများနှင့် တိုက်ရိုက်အပြန်အလှန် ဆက်သွယ်ဆောင်ရွက်သွားရန်နှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ အသိပေးတင်ပြရန်၊

(၃) လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးများတွင် လုံလောက်သည့် ဝန်ထမ်းအင်အားဖြင့် သီးခြား တာဝန်ပေးအပ်ပြီး စနစ်တကျဖွဲ့စည်းထားရှိရန်နှင့် ပြည်သူများ ယုံကြည်အားကိုးမှု ရှိလာစေရေး စီမံဆောင်ရွက်ရန်၊

(၄) လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသည် မြို့နယ်အလိုက်ကွင်းဆင်း၍ မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ပြီး မြေယာဥပဒေများနှင့် ဖြေရှင်း ဆောင်ရွက်ထားရှိမှုအခြေအနေများအား ပြည်သူများကို ရှင်းလင်းအသိပေးသွားရန်၊

(၅) မြေယာကိစ္စအမှုများကို သက်ဆိုင်ရာ ခရိုင်/မြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ စနစ်တကျခွဲဝေတာဝန်ပေးအပ်ရန်၊

(၆) သက်ဆိုင်ရာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများအနေဖြင့် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်း၊ ကုမ္ပဏီများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ စွန့်လွှတ်ခြင်းမရှိသည့်မြေများကို ခိုင်မာသည့်အထောက်အထားများ ပြည့်စုံစွာ ရရှိရေး ဆောင်ရွက်ရန်၊

(၇) စွန့်လွှတ်ခြင်းမရှိသည့်မြေယာအမှုကိစ္စများအတွက် လျော်ကြေး၊ နစ်နာကြေး ပေးအပ်ထားခြင်း မရှိသေးပါက ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ စီမံခန့်ခွဲရေးကော်မတီ ဆုံးဖြတ်ချက်ဖြင့် ဈေးနှုန်းသတ်မှတ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းမှ လျော်ကြေးပေးချေနိုင်ရေး ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရသုံးမှန်းခြေဘဏ္ဍာငွေ စာရင်းတွင် ထည့်သွင်းရေးဆွဲတင်ပြဆောင်ရွက်သွားရန်၊

(၈) စိစစ်ရေးကော်မတီဝင်များ ကွင်းဆင်းစစ်ဆေးရာတွင် ကုန်ကျမည့်အသုံးစရိတ်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်စေရေး သင်တန်းပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းတို့အတွက် ကုန်ကျမည့်အသုံးစရိတ်များအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် လျာထားသုံးစွဲရန်၊

(၉) ညှိနှိုင်းပြေလည်၍ မစွန့်လွှတ်ခြင်း၊ တစ်စိတ်တစ်ဒေသ စွန့်လွှတ်ခြင်း၊ အားလုံးစွန့်လွှတ်ခြင်း၊ တိုင်စာတူဖြစ်ခြင်း၊ ဥပဒေကြောင်းအရ ဖြေရှင်းရန်ဖြစ်ခြင်း၊ မှားယွင်းတိုင်ကြားခြင်းစသည့် ခေါင်းစဉ်များအလိုက် တိကျစွာဖော်ပြရန်၊

(၁၀) ဝန်ကြီးဌာနများနှင့်သက်ဆိုင်သည့်မြေယာကိစ္စအမှုများကို စိစစ်ရာတွင် မြေယာအချက်အလက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အတည်ပြုချက် ရယူဆောင်ရွက်ရန်၊

(၁၁) မြေအသုံးချထားသော ဝန်ကြီးဌာနများအနေဖြင့် စွန့်လွှတ်မြေများအပ်နှံခြင်းမပြုမီ မြေတည်နေရာရှိ မြေကြီး၊ မြေပုံ၊ မြေအမျိုးအစားများ သေချာစွာ စိစစ်ပြီးမှ စွန့်လွှတ်အပ်နှံခြင်း ဆောင်ရွက်ရန်၊

(၁၂) စိစစ်ပြီး စွန့်လွှတ်မြေများကို သက်ဆိုင်သူများလက်ဝယ်သို့ အမြန်ရောက်ရှိစေရေး နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ရန်၊

(၁၃) သက်ဆိုင်သူများထံသို့ ယာယီပုံစံနှင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ထုတ်ပေးရာတွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၁၄) ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလပိုင်ရှင်ထံ လွှဲပြောင်းခြင်းဆောင်ရွက်ပြီးနောက် ကျန်ရှိသည့်မြေအား နိုင်ငံတော်အရန်မြေအဖြစ် စာရင်းသွင်း ထိန်းသိမ်းထား၍ လစဉ် လဆန်း ၁၀ ရက်နေ့အရောက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ပြန်တမ်းပေးပို့တင်ပြရန်၊

(၁၅) အများနှင့်သက်ဆိုင်သော မြေယာပြဿနာများကို စိစစ်နိုင်ရန် စိစစ်ရေးကော်မတီအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များပါဝင်သည့် အထူးအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစိစစ်အစီရင်ခံစာ တင်ပြစေရန်နှင့် အစီရင်ခံစာအား သုံးသပ်အကြံပြုချက်နှင့်အညီ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ဆက်လက်တင်ပြရန်။